
စိတ်ကူးချိုချိုအနုပညာ

# ကမ္ဘာကျော်
# ရင်သွေးရတနာ အလိမ္မာ
# ပုံပြင်များပေါင်းချုပ်

မောင်ခေတ်ထွန်း





# အဘွားအိုရဲ့ ငွေအိတ်

တစ်ခါက မြို့တစ်မြို့တွင် မုဆိုးမအမျိုးသမီးကြီးတစ်ယောက် ရှိလေသည် ။ အဘွားအိုသည် ခင်ပွန်းဆုံးပါးပြီးကတည်းက ခိုကိုးရာမဲ့ ဖြစ်နေရှာသည် ။ တစ်နေ့တွင် အမျိုးသမီးကြီးသည် ကာချီမြို့သို့ ဘုရားဖူးသွား

လို၍ သူ စုဆောင်းထားသော ငွေအိတ်ကို ယူကာ လမ်းခရီးတွင် သုံးစွဲရန် ငွေအနည်းအကျဉ်းကို ထုတ်ယူသည် ။ ပြီးသော် ငွေများကို အမှတ်အသားပြုကာ အဝတ်အိတ်ထဲသို့ ပြန်ထည့်လိုက်သည် ။ ထို့နောက် အမျိုးသမီးကြီးသည် တစ်ရပ်တည်းသား မိတ်ဆွေ ယောကျ်ားတစ်ဦးထံ သွားကာ…

'ကျွန်မ ဘုရားသွားဖူးဖို့ ကာချီမြို့သို့ သွားမလို့ ပါ။ ဒီငွေအိတ်နဲ့ ဆိုရင် လမ်းခရီးမှာ ဓားပြတိုက်မှာ စိုးရိမ်ရပါတယ်။ ဒါကြောင့် ကျွန်မ ငွေအိတ်ကို ရှင့်ဆီမှာ အပ်ထားပါရစေ'

ဟု ပြောဆိုလေသည် ။

ထိုအခါ သူ့မိတ်ဆွေက…

'အို… မိတ်ဆွေရယ် ကျွန်ုပ်ဆီငွေတွေကို ဘာလို့ ယူလာရတာလဲ၊ ကျွန်ုပ်ကို ဒုက္ခပေးမလို့ လား'

ဟု ပြောဆိုလေသည် ။

အမျိုးသမီးကြီးက…

'ဒီကိစ္စအတွက် ဘာမှ ဒုက္ခရောက်စရာ မရှိပါဘူး။ သုံးနှစ်လောက်ပဲ ကြာမှာ ပါ။ ပြန်လာရင် ပြန်ယူပါ့မယ်။ ကျွန်မ အဲဒီအချိန်အတွင်းမှာ ပြန်မလာရင် ဒီငွေတွေကို ဆင်းရဲသားတွေကိုသာ ဝေငှပေးကမ်းလိုက်ပါ။ ဒီအတွက် ဘာမှ စိတ်အနှောင့်အယှက် ဖြစ်စရာ မလိုပါဘူး၊ ရှင်းရှင်းကလေးပါ'

ဟု ပြောဆိုလေသည် ။

ထိုသူသည် အလွန်လေးစားထိုက်သည့် စိတ်ကောင်း၊ နှလုံးကောင်း ရှိသူ ဖြစ်သည် ။ ထို့ကြောင့် နောက်ဆုံးတွင် မိတ်ဆွေ အမျိုးသမီးကြီး၏

ငွေအိတ်ကို ထိန်းသိမ်းထားပေးရန် သဘောတူ လိုက်လေသည်။

ထို့နောက် အဘွားအိုအား…

'ကျွန်ုပ် မိတ်ဆွေရဲ့ ငွေအိတ်ကို ဘယ်တော့မှ ထိကိုင်လိမ့်မည် မဟုတ်ဘူး။ မိတ်ဆွေရဲ့ ငွေအိတ်ကို မိတ်ဆွေဘာသာ ဟောဒီအခန်းထောင့် မြေကြီးထဲမှာ မြှုပ်ထားပါ။ မိတ်ဆွေ ပြန်လာတဲ့ အခါ မိတ်ဆွေ ဘာသာ မိတ်ဆွေ တူးယူနိုင်ပါတယ်'

ဟု ဆိုသည်။

ထိုသို့ဖြင့် အမျိုးသမီးကြီးသည် ငွေအိတ်ကြီးကို အခန်းထောင့်နားတွင် မြှုပ်လိုက်ပြီး ငွေအိတ်မြှုပ်ထားသည့် နေရာကို သေချာစွာ မှတ်သားထား လိုက်လေသည်။

'ကဲ စိတ်ချလက်ချသာ သွားပေတော့၊ ဘုရားသခင်က သင့်ကို စောင့်မကြည့်ရှုပါလိမ့်မယ်၊ ဘုရားကျောင်းကသာ ကျွန်ုပ်အတွက် တစ်ခုခု ယူလာဖို့ မမေ့ပါနဲ့ '

ဟု မိတ်ဆွေ ယောက်ျားက ပြောဆိုလေသည်။



ထိုသို့ဖြင့် တစ်နှစ်ခွဲခန့် ကြာမြင့်သော် မိတ်ဆွေယောကျ်ားကြီးက အမျိုးသမီးကြီး ပြန်လာနိုင်လိမ့်မည်မဟုတ်ဟု ယူဆကာ ငွေအိတ်ကို မြေကြီးထဲမှ တူးဖော် လိုက်လေသည် ။ ထို့နောက် အိတ်ကို ဖွင့်၍ ရွှေဒင်္ဂါးများကို ထုတ်ပြီး ရွှေဒင်္ဂါးများ နေရာတွင် ကြေးနီပြားများ ဖြင့် အစားထိုး လဲလှယ်ထားလိုက်ကာ အိတ်ကို နဂိုမူလအတိုင်း ပြန်လည် ချုပ်ထား လိုက်လေသည် ။

ထို့နောက် အိတ်ကို အခန်းထောင့်တွင် ပင် ပြန်လည် မြှုပ်ထား လိုက်လေသည် ။

နှစ်နှစ်ခွဲခန့်အကြာတွင် အမျိုးသမီးကြီးသည် ဘုရားဖူးရာမှ ပြန်လည်ရောက်ရှိ လာလေသည် ။ သူသည် သူ့မိတ်ဆွေအတွက် ဘုရားကျောင်းမှ ယူလာသည့် လက်ဆောင်ပစ္စည်းများကို ပေးရန် သူ့မိတ်ဆွေ အိမ်သို့ လာခဲ့လေသည် ။

မိတ်ဆွေအိမ်သို့ ရောက်သော် အမျိုးသမီးကြီးသည် သူ့မိတ်ဆွေအား …

‘ကျွန်မ ရှင်မှာ တဲ့ ပစ္စည်းကို မမေ့ပါဘူး။ ယူလာပါတယ်’

ဟု ဆိုကာ လက်ဆောင်ပစ္စည်းများကို ပေးလေသည် ။

မိတ်ဆွေ ယောက်ျားက…

‘နေထိုင်ကောင်းရဲ့ လား။ အသင် ကျန်းကျန်းမာမာနဲ့ ပြန်လည် ရောက်ရှိလာလိမ့်မယ်လို့ သိပါတယ်။ ကာချီဘုရားကျောင်းက ကျွန်ုပ်မှာ တဲ့ ပစ္စည်းတွေ ပါလာလို့ သင့်ကို ကျေးဇူး အများကြီး တင်ပါတယ်’

ဟု ပြောဆိုသည် ။

‘ရှင့်ရဲ့ မေတ္တာပို့သမှုကြောင့်လည်း ကျွန်မ အခုလို ကျန်းကျန်းမာမာနဲ့ ပြန်ရောက်လာတာပါ။ ရှင့်ကို ကျွန်မ ကျေးဇူးတင်ပါတယ်။ ဒါနဲ့ ကျေးဇူးပြုပြီး ကျွန်မ ငွေအိတ်ကလေးကို ပြန်ယူပါရစေ’

ဟု ပြောဆိုသည် ။

ထိုအခါ မိတ်ဆွေ ယောက်ျားက…

‘ကျွန်ုပ် သင့်ငွေကို လက်နဲ့ တောင် မထိဘူးဆိုတာ သင်သိတာပဲ။ သင့်ငွေကို သင်ကိုယ်တိုင် မြှုပ်ထားခဲ့တာပဲ ၊ အခု သင်ကိုယ်တိုင် ဖော်ယူတာ အကောင်းဆုံးပဲပေါ့’

ဟု ပြောဆိုလေသည် ။

ထိုသို့ဖြင့် အမျိုးသမီးကြီးသည် အခန်းထောင့်နားသို့ သွားကာ သူမှတ်သားထားသည့် နေရာတွင် ငွေအိတ်ကို တူးဖော်ယူ လိုက်လေသည် ။ သူသည် သူ့ငွေအိတ်ကို ပြန်ရ၍ များ စွာ ဝမ်းသာနှစ်သက်သွားသည် ။

ထို့နောက် အိမ်သို့ ပြန်ယူ လာပြီး ငွေအိတ်ကို ဖွင့်ကြည့်သည် ။ ငွေအိတ်ထဲတွင် ရွှေဒင်္ဂါးများ လုံးဝ မရှိတော့ပေ။ ရွှေဒင်္ဂါးများ တွင် ကြေးနီပြားများကိုသာ တွေ့ရှိရလေသည် ။အမျိုးသမီးကြီးသည် များ စွာ စိတ်ဆင်းရဲသွားသည် ။ တုန်လှုပ်ချောက်ချားသွားသည် ။ ထို့နောက် သူသည် သူ့မိတ်ဆွေထံသို့ ချက်ချင်းပြန်လာကာ သူ့မိတ်ဆွေအား…

'ဘယ်လိုတွေ ဖြစ်ကုန်တာလဲ ၊ ကျွန်မ အိတ်ထဲမှာ ထည့်ထားတုန်းက ရွှေဒင်္ဂါးတွေပါ၊ အခု ရွှေဒင်္ဂါးတွေ မရှိတော့ဘဲ အိတ်ထဲမှာ ကြေးနီပြားတွေ ရောက်နေတယ်'

ဟု အမျိုးသမီးကြီးက ဝမ်းနည်းစွာ ပြောဆိုလေသည် ။

ထိုအခါ ယောက်ျားက…

'ဒါတော့ မသိဘူးလေ။ သင့်ငွေအိတ်ကို ကျွန်ုပ် လက်နဲ့ တောင် မထိတာ အိတ်ထဲမှာ ဘာပါသလဲဆိုတာ ဘယ်သိပ့်ါမလဲ၊ သင့်ခရီးမထွက်မီ ထားခဲ့တဲ့ အတိုင်းပဲ ရှိမှာ ပေ့ါ'

ဟု ပြောဆိုသည် ။

အမျိုးသမီးကြီးလည်း များ စွာ ဝမ်းနည်းသွားကာ

'ဒီရွှေဒင်္ဂါးတွေဟာ ကျွန်မအတွက် ရှိစုမဲ့စု အိုစာမင်းစာကလေးပါ၊ ဒါတွေ မရှိတော့ဘူး ဆိုရင်တော့ ကျွန်မ ဒုက္ခရောက်ပြီ။ တခြားအစေအပါးတွေများ သိသွားလို့ တူးဖော်ယူသွားသလား မသိဘူး'

ဟု ဆိုသည် ။

ဘယ်အစေအပါးကမှ ဒီငွေအိတ်အကြောင်းကို မသိပါဘူး၊ မြှုပ်ထားတဲ့ နေရာကိုလည်း မသိပါဘူး'

ဟု ပြန်ပြောသည် ။

အမျိုးသမီးကြီးသည် သူ့ငွေအိတ်လမ်းစဆုံးသွားပြီ ဆိုသည် ကို သိရှိသွားကာ ဒူးပေါ်သို့ ထိုင်ရက်သားကျသွားသည် ။

ထို့နောက် သူ့မိတ်ဆွေအား…

'ကျွန်မ မေတ္တာရပ်ခံပါတယ်ရှင်။ ရှင် ကျွန်မ အိတ်ကို သိမ်းထားပေးတဲ့ အတွက် ရွှေဒင်္ဂါးတစ်ဝက်ကို ယူနိုင်ပါတယ်။ ကျွန်မကို တစ်ဝက်သာ ပြန်ပေးပါ၊ အားလုံးကိုတော့ မယူပါနဲ့ ရှင်၊ ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မမှာ ရှိစုမဲ့စု ဒါလေးပဲ ရှိတာပါ'

ဟု ပြောဆို တောင်းပန်လေသည် ။

ထိုအခါ မိတ်ဆွေ ယောကျ်ားက…

'ကျွန်ုပ်ဟာ ဘာသာရေးသမားကောင်းတစ်ယောက် ဖြစ်တယ်။ သင့်ငွေကို ကျွန်ုပ် မယူဘူး။ သင် ဒီက ထွက်သွားရင် အကောင်းဆုံးထင်တယ်'

ဟု မောက်မောက်မာမာ ပြောဆိုသည် ။

အမျိုးသမီးကြီးသည် ငိုကြွေးကာ ဘုရားသခင်အား သူ့ပစ္စည်းမတရားယူသူကို အပြစ်ပေးပါရန် တိုင်တန်းပြောဆိုလေသည် ။ ယောကျ်ားကြီးသည် သူ့အစေအပါးများကို ခေါ်ကာ အမျိုးသမီးကြီးအား သူ့အိမ်မှ နှင်ထုတ်ခိုင်း လိုက်လေသည် ။

အိမ်ပြန်ရောက်သော် အမျိုးသမီးကြီးအား သူ့ မိတ်ဆွေများက ဘုရင့်မင်းတိုင်ပင် အမတ်ကြီး ဘာဘောထံသို့ သွားရောက်တွေ့ဆုံရန် အကြံပေးကြသည် ။ အမတ်ကြီး ဘာဘောသည် ပညာအမြော်အမြင်ကြီးမားသူ ဖြစ်သည် ။ ပြဿနာ အရပ်ရပ်ကို ကိုင်တွယ်ဖြေရှင်းရာတွင်

လိမ္မာပါးနပ်သည် ။ မည်သူ၏ ကိစ္စမဆို ကူညီဖြေရှင်းပေးလေ့ရှိသည် ။ ထို့ကြောင့် သူ့ပညာဂုဏ်သတင်းသည် နိုင်ငံအနှံ့ကျော်ကြားသည် ။

ထိုသို့ ဖြင့် အမျိုးသမီးကြီးသည် အမတ်ကြီး ဘာဘောနှင့် သွားရောက်တွေ့ဆုံသည် ။ အမတ်ကြီးဘာဘောအား သူ့ဖြစ်ရပ်ကို ပြောပြသည် ။ ပညာရှိဘာဘောသည် အမျိုးသမီးကြီး၏ မိတ်ဆွေအား နန်းတော်သို့ လာရောက်ရန် ဆင့်ခေါ်လိုက်သည် ။ မကြာမီ မိတ်ဆွေ ယောက်ျားသည် နန်းတော်သို့ ရောက်ရှိလာသည် ။ ဘာဘောက သူ့အား အကြောင်းစုံကို ရှင်းပြရန် ပြောကြားသည် ။ ထိုသူက ဘာဘောအား...

'ဆရာကြီး ခင်ဗျား လွန်ခဲ့တဲ့ သုံးနှစ်ခန့်က ဒီအမျိုးသမီးဟာ ကျွန်တော်မျိုးထံကို ငွေအိတ်နဲ့ အတူ ရောက်ရှိလာပါတယ်၊ သူက ကာချီဘုရားကျောင်းကို ဘုရားဖူးထွက်စရာရှိလို့ ငွေအိတ်ကို ကျွန်တော်မျိုးထံမှ အပ်ချင်ပါတယ်လို့ ပြောပါတယ်၊ ကျွန်တော်မျိုးတို့ ဘာသာရေးက ငွေကိုင်တာကို သိပ်သဘောကျတာမဟုတ်မှန်း အရှင်လည်း သိမှာ ပါ၊ ဒါကြောင့် ကျွန်တော်မျိုးထံမှာ ငွေအပ်နှံတာကို ငြင်းဆိုခဲ့ပါတယ်။ ဒါပေမဲ့ သူက ငွေကို ကျွန်တော်မျိုးဆီမှာ အတန်တန် အပ်ခဲ့ပါရစေလို့ အတန်တန်တောင်းပန်တာနဲ့ ကျွန်တော်မျိုးလည်း သူ့ကို ကျွန်တော် မျိုးရဲ့ အိမ်ထဲမှာ ငွေအိတ်ကို ကိုယ်တိုင် မြှုပ်ခွင့်ပြုလိုက်ပါတယ်၊ အဲဒါ မှန် မမှန် သူ့ကို မေးကြည့်ပါ' ဟု ဆိုသည် ။

ဘာဘောကလည်း အမျိုးသမီးကြီးအား 'သူပြောတာ မှန်ရဲ့ လား' ဟု ဆေမးလိုက်သည် ။ အမျိုးသမီးကြီးက 'သူပြောတာ မှန်ပါတယ်။ ဒါပေမဲ့ ကျွန်တော်မျိုးမ မြှုပ်နှံထားတုန်းက ရွှေဒင်္ဂါးတွေ ဖြစ်တယ်။ တူးဖော်ကြည့်တဲ့ အခါ ရွှေဒင်္ဂါးအစား ကြေးနီပြားတွေသာ ဖြစ်နေတာတွေကို တွေ့ရပါတယ်' ဟု ပြန်လည် ရှင်းလင်းပြောပြသည် ။

‘ဘယ့်နှယ်၊ ရွှေကနေ ကြေးနီ ဘယ်လို ဖြစ်သွားရတာတုန်း’ ဟု ဘာဘောက မိတ်ဆွေ ယောက်ျားက မေးလိုက်သည် ။

ထိုအခါ မိတ်ဆွေ ယောက်ျားက..

‘အရှင့် အိတ်က ပိတ်အိတ်ဖြစ်ပြီး ချုပ်လုပ်ထားတာမို့ ဖွင့်လို့ မရပါဘူး။ ဒီအမျိုးသမီးကြီးဟာ အိတ်ထဲမှာ သူ ဘာထည့်ထားမှန်း မေ့နေတာဖြစ်ရမယ်၊ အသက်အရွယ်ကြီးမားလာတဲ့ အခါ မှတ်ဉာဏ်ဟာ မကောင်းတော့ပါဘူး’ ဟု ဆိုသည် ။

ဘာဘောသည် ထိုသူ ရှင်းပြချက်ကို ယုံမှားသံသယဖြစ်မိလေသည် ။ ထို့နောက် ထိုသူအား ပြန်လွှတ်လိုက်ပြီး အမျိုးသမီးကြီးအား စိတ်မပူရန် ပြောကြားလိုက်သည် ။



ထိုညတွင် ဘာဘောသည် အိပ်ရာပေါ်ရှိ အိပ်ရာခင်းကို ကတ်ကြေးဖြင့် အနည်းငယ်ခွဲလိုက်သည် ။ မနက်လင်းသော် ဘာဘော၏ အစေအပါးသည် အိပ်ရာသိမ်းရန် အိပ်ရာခင်းကို ဆွဲယူလိုက်ရာ အပြဲရာကို မြင်တွေ့သွားလေသည် ။ အိပ်ရာခင်းပြဲနေသည် ကို သူ့ဆရာ ဘာဘော မြင်တွေ့သွားပါက ဒေါသဖြစ်မည်ကို စိုးရိမ်မိသည် ။ ထို့ကြောင့် လက်ရာသေသပ်ကောင်းမွန်သော အပ်ချုပ်သမား 'ရာဖစ်' ထံသို့ အိပ်ရာခင်းကို ယူသွားကာ အပြဲကို ချုပ်ခိုင်းလေသည် ။ ရာဖစ်သည် အဟောင်းထည်များကို ဖာထေးပြုပြင်ရာတွင် အလွန်တော်သည် ။ ဖာထေးရာပျောက်ကာ ဖာထေးထားမှန်းပင် မသိရချေ။

ည အိပ်ခါနီးအချိန်တွင် ဘာဘောသည် အိပ်ရာခင်းကို ယူကြည့်ရာ

သူ ကိုက်ဖြတ်ထားသည့် ဖြတ်ရာကိုပင် မတွေ့ရတော့ပေ။ ဘယ်နေရာတွင် ဖြတ်ထားမှန်းမသိတော့ချေ။ ထို့နောက် ဘာဘောသည် အစေအပါးအားခေါ်ကာ သူ့အိပ်ရာခင်း အပြဲရာအကြောင်းကို မေးမြန်းသည် ။ ထိုအခါ အစေအပါးသည် အလွန်ကြောက်ရွံ့သွားသည် ။

သို့သော် သဘောက အစေအပါးအား 'ဘာမှ မကြောက်ပါနဲ့ ၊ ဒီအပြဲကို ငါလုပ်တာပါ၊ ဒါပေမဲ့ ငါသိချင်တာ တစ်ခုရှိတယ်။ မင်း မှန်မှန်ပြောပါ၊ ဒီအိပ်ရာခင်းရဲ့ အပြဲကို ဘယ်သူ ဖာပေးတာလဲ၊ လက်ရာက သိပ်ကောင်းတယ်၊ အပြဲ ဘယ်နေရာရှိမှန်းတောင် မတွေ့ရတော့ဘူး' ဟု ဆိုသည် ။

အစေအပါးက 'ဒီအိပ်ရာခင်းရဲ့ အပြဲကို ပြန်ချုပ်ပေးသူဟာ အပ်ချုပ်သမား 'ရာဖစ်' ဖြစ်ပါတယ်' ဟု ပြန်ဖြေသည် ။

ထိုအခါ ဘာဘောက ထိုသူအား ကျေးဇူးတင်ကြောင်း ပြောကြားလို၍ သူ့ထံသို့ ခေါ်ဆောင်လာပေးရန် ပြောဆိုသည် ။

ထိုသို့ဖြင့် နောက်တစ်နေ့တွင် ဘာဘောထံသို့ အပ်ချုပ်သမား 'ရာဖစ်' ရောက်ရှိ လာလေသည် ။ ဘာဘောက အပ်ချုပ်သည် အား အိပ်ရာခင်း၏ အပြဲရာကို ပြန်လည် ပြုပြင်ပေးထားသည် မှာ လက်ရာအလွန်ကောင်းမွန်ကြောင်း ပြောဆိုပြီးနောက် အမျိုးသမီးကြီး၏ ငွေအိတ်ကို ပြကာ...

'ဒီအိတ်ကို မှတ်မိရဲ့ လား' ဟု မေး လိုက်လေသည် ။



အပ်ချုပ်သမား ‘ရာဖစ်’က အိတ်ကို ကိုင်ကြည့်ကာ မှတ်မိကြောင်း ပြောသည်။ ထို့နောက်...

‘လွန်ခဲ့တဲ့ ၂ နှစ် ကျော်ကျော်လောက်က အစေအပါးတစ်ယောက်ဟာ ကျွန်တော်မျိုးထံ ဒီအိတ်နဲ့ အတူ ရောက်ရှိ လာပြီး အိတ်အပေါက်ကို သူ့နဂိုအတိုင်းပြန်ချုပ်ပေးဖို့ ပြောပါတယ်၊ အခု ဒီအိတ်ရဲ့ ဟောဒီအပေါက်ပေါ့။ ဒါနဲ့ ကျွန်တော်မျိုးလည်း  အပေါက်ကို သေချာစွာ ပြန်ချုပ်ပေးပြီး ပြန်ပေးလိုက်ပါတယ်’ ဟု ရှင်းလင်း ပြောဆိုသည်။

‘ဒါဖြင့် အဲဒီတုန်းက အိတ်မှာ ဘာထည့်ထားတာကို တွေ့သလဲ’ ဟု ဘာဘောက ပြန်မေးသည်။

အပ်ချုပ်သမားက 'ကျွန်တော်မျိုး ကြေးနီပြားတွေကိုသာ တွေ့ပါတယ်' ဟု ပြန်ဖြေသည် ။

'ရွှေဒင်္ဂါးတွေ မဟုတ်ဘူး လား' ဟု ဘာဘောက ပြန်မေးသည် ။

အပ်ချုပ်သမားက 'ရွှေဒင်္ဂါးတွေ မဟုတ်ပါဘူး၊ ကြေးနီပြားတွေ ချည်းပါပဲ' ဟု ပြန်ပြောသည် ။ ထိုသို့ဖြင့် ဘာဘောသည် မိတ်ဆွေ ယောက်ျားအား ပြန်ခေါ်လိုက်ကာ အပ်ချုပ်သည် ၏ ထွက်ဆိုချက်များကို ပြန်လည်ပြောကြားလိုက်ပြီး..

'ကဲ သင် ဘာဆက်ပြောချင်သေးလဲ' ဟု မေးလိုက်သည် ။

မိတ်ဆွေယောက်ျားသည် ဘာမှ မပြောနိုင်ချေ၊ သူ့အလိမ်သိသွားပြီဖြစ်သည် ။ ထို့နောက် ဘာဘောသည် မိတ်ဆွေယောက်ျားအား...

'သင်ဟာ ငွေကို လက်နဲ့ တောင် မထိထူးဆိုတာ ရိုးရိုးငွေကို ပြောတာ ဟုတ်မယ် ထင်တယ်။ ဒါပေမဲ့ ရွှေကိုတော့ လက်နဲ့ ထိရုံတင် မဟုတ်ဘူး ။ တူးယူခဲ့တယ် မဟုတ်လား'ဟု ဆိုကာ လုံခြုံရေးစစ်သားများအား မိတ်ဆွေယောက်ျားကို ခေါ်ဆောင်သွားရန် အမိန့်ပေးသည် ။ ထိုအခါ သူသည် အလွန်ကြောက်ရွံ့သွားသည် ။ သူသည် ထောင်အတွင်းအကျဉ်းချထားခံရမည်မှာ သေချာသွားပေပြီ။ ထို့ကြောင့် သူသည် ဘာဘောအား အမှန်ကို ဝန်ခံကာ...

'မှန်ပါတယ် အရှင်။ ကျွန်တော်မျိုးဟာ ရွှေဒင်္ဂါးတွေကို ခိုးယူခဲ့ပါတယ်။ ဟောဒီမှာ ရွှေဒင်္ဂါးတွေပါ' ဟု ပြောကြားပြီး ရွှေဒင်္ဂါးတွေကို ဘာဘောထံ ပေး လိုက်လေသည် ။ ဘာဘောသည် အမျိုးသမီးကြီးကို ခေါ်ကာ ရွှေဒင်္ဂါးများကို ပြန်လည်ပေးအပ် လိုက်လေသည် ။

အမျိုးသမီးကြီးလည်း သူ့ပြဿနာကို ဖြေရှင်းပေးသော ဘုရင့်အတိုင်ပင်ခံအမတ်ကြီး ဘာဘောအား ကျေးဇူးတင်ကြောင်း ပြောဆိုကာ ရွှေဒင်္ဂါးထုပ်ကို ပိုက်၍ အိမ်သို့ ပြန်လည်ထွက်ခွာသွားလေသည်။

**၁၉၆၃ ခုနှစ်၊ Oxford University Press တိုက်မှ ထုတ်ဝေသည့် Minal Saran and G.F.Wear တို့ ရေးသားသော Tales of Birdal**
**စာအုပ်မှ The Old Woman's Money-bag**

***

# ငှက်တံတား

တစ်ခါက နေဘုရင်ကြီးတွင် အလွန်ချောမောလှပသော သမီးတော်ကလေးတစ်ပါး ရှိလေသည် ။ သူသည် ရက်ကန်းရက် ဝါသနာပါသည် ။ ထို့ကြောင့် ရက်ကန်းစင်ဘေးတွင် တစ်နေကုန် တစ်နေခန်း ထိုင်ကာ ရက်ကန်းခတ်နေလေသည် ။ ရက်ကန်းစင်နားမှ မခွာချေ။

နေဘုရင်ကြီး၏ နန်းတော်အနီးတွင် ကောင်းကင်ပြာငွေကြယ်မြစ်ချောင်းကလေးသည် စီးဆင်းလျက်ရှိသည် ။ သူ့ကို နဂါးငွေ့တန်းဟု ခေါ်သည် ။ ထိုအချိန်တွင် လယ်လုပ်သား လူငယ်ကလေးတစ်ဦးသည် မြစ်ချောင်းနံဘေးတွင် ထိုင်ကာ သိုးများကို ထိန်းကျောင်းလျက်ရှိသည် ။ သူသည် ပြတင်းပေါက်နားတွင် ထိုင်နေသော နေဘုရင်ကြီး၏ သမီးတော်ကို မြင်သော် ချစ်ခင်စွဲမက်သွားသည် ။ ထို့ကြောင့် လုလင်ပျိုကလေးသည် နေမင်းကြီးထံသို့ သွားရောက်ကာ နေမင်းကြီး၏ သမီးအား လက်ထပ်ခွင့်တောင်းခံသည် ။ နေမင်းကြီးက...

'ငါ့သမီးဟာ အိမ်ထောင်ရက်သားကျသွားရင်တော့ အခုလို ရက်ကန်းစင်နားမှာ တစ်နေကုန် တစ်နေခန်း ထိုင်နေဖို့ မလိုတော့ဘူး' ဟု တွေးမိကာ သူ့သမီးတော်အား လယ်လုပ်သား လုလင်ငယ်ကလေး



နှင့် လက်ထပ်ခွင့်ပြုလိုက်သည် ။

မကြာမီ နေမင်းကြီး၏ သမီးတော်ကလေးသည် လယ်လုံသား လုလင်ကလေးနှင့် လက်ထပ် လိုက်လေသည် ။ ထို့နောက် နန်းတော်မှ စွန့်ခွာကာ ခင်ပွန်းခေါ်ဆောင်ရာနောက်သို့ လိုက်ပါခဲ့သည် ။ ယခုအခါ နေမင်းကြီး၏ သမီးတော်ကလေးသည် ရက်ကန်းစင်ကို လုံးဝမေ့လျော့သွားပြီဖြစ်သည် ။ မည်သည့် အလုပ်ကိုမျှလည်း မလုပ်တော့ပေ။ စိတ်မဝင်စားတော့ပေ။ သူသည် လယ်ကွင်းအတွင်း၌ သာ အချိန်ဖြုန်းကာ နေကြလေသည် ။

ထိုအခါ နေမင်းကြီးက 'ငါ့သမီး ဒီလို လက်ကြောမတင်းရတာ ငါ့သားမက်ရဲ့ အပြစ်ပဲ။ ငါ့သမီးကို အပျင်းထူအောင်၊ ပေါ့ပေါ့ဆဆနေအောင် အသုံးမဝင်အောင် ဒင်းလုပ်နေတာ၊ ဒင်းတို့ ကို ခေတ္တခွဲထားမှ ဖြစ်မယ်။ ဒါမှ အပိုးကျိုးမှာ ပဲ' ဟု တွေးမိသည် ။ ထို့နောက် သူ့သားမက်အား…

'မင်း ငါ့သမီးကို စွန့်ခွာပြီး ကောင်းကင်ပြာ ငွေကြယ်စမ်းချောင်းကလေးရဲ့ တစ်ဖက်ကမ်းမှာ ပြန်နေပေတော့' ဟု ပြောဆို လိုက်လေသည် ။

ယောက္ခမကြီး၏ စကားကို ကြားသော် လယ်သမားကလေးသည် များ စွာ ဝမ်းနည်းသွားလေသည် ။ သူသည် သူ့ဇနီးနှင့် မခွဲခွာလိုပေ။ သို့သော် ယောက္ခမကြီး၏ စကားကိုလည်း မပယ်ရှားဝံ့ပေ။

သူ့ ယောက္ခမကြီးအား…

'ကျွန်တော့် ဇနီးမရှိဘဲနဲ့ ကျွန်တော် ဘယ်လိုနေရမှာ လဲ၊ ကျွန်တော့် ဇနီးကို ပြန်မတွေ့ရတော့ဘူးလား' ဟု မေး လိုက်လေသည် ။

ယောက္ခမကြီးက…

'မင်းဇနီးကို တစ်နှစ်တစ်ကြိမ် ပြန်တွေ့နိုင်တယ်။ ပြန်တွေ့ရမယ့် အချိန်ကတော့ ခုနစ်လမြောက် ခုနစ်ရက်နေ့ ညအချိန်ဖြစ်တယ်'ဟု ပြောဆိုသည် ။

'ငွေကြယ်မြစ်ချောင်းကြီးက ကျယ်လည်း ကျယ်၊ နက်လည်း နက်ပါတယ်၊ ကျွန်တော် ဒီမြစ်ကို ဘယ်လို ဖြတ်ကျော်နိုင်ပါ့မလဲ' ဟု သားမက်ဖြစ်သူက ညည်းညူပြောဆိုသည် ။

နေမင်းကြီးက … ဒီအတွက် ဘာမှ မပူနဲ့ ၊ ငါ တံတားတစ်ခု ခင်းပေး

မယ်’ ဟု ပြောဆိုကာ ကမ္ဘာပေါ်ရှိ ငှက်မည်းအားလုံးကို လာရောက်ကြရန် ခေါ်ဆို လိုက်လေသည် ။

ထိုအခါ တောင်ပံရိုက်ခတ်သံများကြားရပြီး ထောင်ပေါင်းများ စွာသော ငှက်မည်းများ သည် ရောက်ရှိလာကြလေသည် ။ ထို့နောက် သူတို့သည် ငွေကြယ်မြစ်ချောင်းကြီးပေါ်တွင် တစ်ကောင်နှင့်တစ်ကောင် အတောင်ပံချင်း ဆက်ကာ တံတားခင်းလိုက်ကြလေသည် ။ လယ်သမားကလေးသည် သူ့ဇနီးကို နှုတ်ဆက်သာ တစ်ကောင်နှင့်တစ်ကောင် ဆက်ထားသော ငှက်တံတားပေါ်သို့ တက်ပြီး တစ်ဖက်ကမ်းသို့ ကူးလာခဲ့သည် ။ သူ့ဇနီးကား တစ်ဖက်ကမ်းတွင် ငိုကျန်ရစ်ခဲ့ရှာသည် ။ ထိုသို့ဖြင့် လယ်သမားသည် မြစ်တစ်ဖက်ကမ်းသို့ ရောက်ရှိလာခဲ့သည် ။ ထိုအခါ ငှက်မည်းများအားလုံးသည် အရပ်လေးမျက်နှာသို့ ပျံသန်းသွားကြလေသည် ။

နေမင်းကြီး၏ သမီးလေးသည် ယခင်ကအတိုင်း ရက်ကန်းစင်တွင် ပြန်ထိုင်ကာ အလုပ်ကို ကြိုးစားလုပ်ကိုင်လေသည် ။ လယ်သမားကလေးသည် သူ့သိုးများကို ပြန်လည်ထိန်းကျောင်းလေသည် ။ သူတို့ နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး တွေ့ဆုံရမည့် ခုနစ်လမြောက် ခုနစ်ရက်နေ့ည အချိန်ကာလကိုသာ စောင့်မျှော်၍ နေကြလေသည် ။

ထိုသို့ဖြင့် သူတို့ နှစ်ဦးဆုံတွေ့ရမည့် အချိန်သည် နီးကပ် လာပြီဖြစ်သည် ။ နေမင်းကြီး၏ သမီးကလေးသည် ထိုရက်ကိုတွေးတောကာ ပျော်ရွှင်လျက်ရှိသည် ။ သို့သော် သူသည် ထိုအချိန်၌ မိုးရွာမည်ကို စိုးပူမိသည် ။ မိုးရွာလျှင် ရေကြီးပေမည်။ ရေကြီးလျှင် တံတားခင်းထားသော ငှက်များအားလုံးသည် ရေစီးနှင့် အတူ မျောပါသွားမည် ဖြစ်သည် ။ သို့သော် နေမင်းကြီးသမီးကလေး၏ စိုးရိမ်ပူပန်မှုမှာ ခုနစ်လမြောက် ခုနစ်

ရက်နေ့ညတွင် လုံးဝ ချုပ်ငြိမ်းပျောက်ကွယ်သွားပြီ ဖြစ်သည် ။ ထိုနေ့ရက်တွင် မိုးလုံးဝမရွာပေ။ ကောင်းကင်သည် ကြည်လင်၍ ကြယ်များ ဖြင့် ထွန်းလင်းတောက်ပနေသည် ။ မကြာမီ ထောင်ပေါင်းများ စွာသော ငှက်များ ၏ တောင်ပံရိုက်ခတ်သံများကို ကြားရပြီး မိုးတိမ်မည်းကြီးဟု ထင်ရသော မည်းမည်းအုပ်စုကြီးတစ်ခု ရွေ့လျားလာသည် ကို မြင်ရသည် ။ မကြာမီ ထိုမည်းမည်းအုပ်စုကြီးသည် အနီးသို့ ရောက်ရှိလာသည် ။ မိုးတိမ်မည်းကြီး မဟုတ်ချေ။ ငှက်မည်းအုပ်စုကြီးသာဖြစ်သည် ။ ထို့နောက် ငှက်များ သည် တစ်ကောင်နှင့်တစ်ကောင် တောင်ပံချင်းယှက်ကာ တံတားခင်းလိုက်ကြသည် ။ နေမင်းကြီး၏ သမီးလည်း ငှက်တံတားပေါ်သို့ တက်ကာ သူ့ခင်ပွန်းရှိရာ တစ်ဖက်ကမ်းသို့ ပြေးသွားခဲ့သည် ။ လယ်သမားလေးသည် တစ်နှစ်တစ်ကြိမ်ကြာမှ တွေ့ရသော သူ့ဇနီးသည် အား အားရဝမ်းသာ ဆီးကြိုပွေ့ဖက် လိုက်လေသည် ။



ထို့နောက် သူတို့ နှစ်ဦးသည် တစ်ဦးကိုတစ်ဦး ကြေကွဲဝမ်းနည်းစွာ

နှုတ်ဆက်၍ ပြန်လည်ခွဲခွာခဲ့ကြရပြန်လေသည် ။ နေမင်းကြီး၏ သမီးသည် ငှက်တံတားအတိုင်း ဖြည်းလေးစွာ ပြန်လာခဲ့သည် ။ ခင်ပွန်းဖြစ်သူသည် တံတားစွန်းမှ ရပ်ကာ သူ့ဇနီးသည် အား ဝမ်းနည်းစွာဖြင့် စောင့်ကြည့်နေသည် ။ သူတို့ နှစ်ဦး တစ်ဖက်ကမ်းဆီသို့ ပြန်လည်ရောက်ရှိကြသည့် အခါ ငှက်များ သည် အရပ်လေးမျက်နှာသို့ ထပျံသွားကြလေသည် ။ ငှက်များ သည် ဤနေရာသို့ တစ်နှစ်တစ်ကြိမ် ရောက်ရှိလာကြကာ ချစ်သူနှစ်ဦးအတွက် နှစ်စဉ် တံတားခင်းပေးလျက် ရှိနေကြလေသည် ။

Nelson’s Fourth English Reader

For Indian Schools စာအုပ်မှ

တရုတ်ပုံပြင် The Bridge of Birds

***

# ထူးဆန်းသော နတ်ဆေးပင်

တစ်ခါက 'အီရေ' အမည်ရှိ လူငယ်ကလေးတစ်ဦး ရှိသည် ။ သူသည် လိမ္မာရေးခြားရှိ၍ အလုပ်ကို ကြိုးစားလုပ်ကိုင်သူ ဖြစ်သည် ။ သူ့ မိဘနှစ်ပါးသည် သူငယ်စဉ်ကပင် ကွယ်လွန်သွားကြရာ သူသည် ဆင်းရဲချို့ငဲ့စွာ နေရရှာသည် ။ သူသည် အသက် ၂၀ ကျော် လာပြီးဖြစ်သော်လည်း ယခုတိုင် အိမ်ထောင်မကျသေးပေ။

တစ်နေ့တွင် အလုပ်လုပ်ရန် လျှောက်လှမ်းလာစဉ် မြွေကြီးတစ်ကောင်သည် သူသွားမည့် လမ်းကို ကန့်လန့်ဖြတ်သွားနေသည် ကို တွေ့လိုက်ရသည် ။ မြွေကြီးသည် သူ့လက်မောင်းခန့်ကြီးမား၍ နွယ်ပင်ကဲ့သို့ ရှည်လျားသည် ။ အီရေသည် ကြောက်လန့်၍ ကြက်သေ သေနေလေသည် ။ မည်သည့် နေရာတွင် ပုန်းရမှန်းမသိ ဖြစ်နေလေသည် ။ သို့သော် မြွေကြီးသည် အီရေကို ရန်မမူချေ။ မြွေကြီးသည် သူ့ရှေ့တွင် သာ ခွေ၍ နေလေသည် ။ မြွေကြီး၏ အောက်ခြေတွင် ဓားရှုရာ ကဲ့သို့ သော ဒဏ်ရာကို တွေ့မြင်ရသည် ။ ထို့နောက် မြွေကြီးသည် သစ်ပင်ကလေးတစ်ပင်ကို ရစ်ခွေပြီး သူ့ဒဏ်ရာဖြင့် သစ်ပင်ကလေးကို ဆက်ကာ ဆက်ကာ ပွတ်တိုက်နေသည် ။ ထိုသို့ဖြင့် မကြာမီ သူ့ဒဏ်ရာကို လုံး၀ မမြင်ရတော့ချေ။ ဒဏ်ရာ ပျောက်ကင်းသွားပြီ ဖြစ်သည် ။

အီရေက...

‘ဒီအပင်ကလေးဟာ ဆေးဝါးပင်ကလေး ဖြစ်ရမယ်’

ဟု တွေးမိလေသည်။

မြွေကြီးသည် သူ့ဒဏ်ရာ ပျောက်ကင်းသွားပြီဖြစ်၍ အဝေးသို့ လျှော ဆင်း ထွက်ခွာသွားလေသည်။ ထိုအခါ အီရေသည် သစ်ပင်ကလေးဆီ သို့ ပြေးသွားသည်။ ထိုအပင်ကလေးသည် ရောဂါအမျိုးမျိုးကို ပျောက်ပ င်းစေနိုင်သည့် ‘ညဘလော့’ အမည်ရှိ နတ်ဆေးပင်ကလေးဖြစ်သည်။ အီရေသည် အပင်ကလေးသည် အမြစ်ပါမကျန် နုတ်ယူကာ အိမ်သို့ သ ယ်ဆောင်လာခဲ့လေသည်။

လမ်းခရီးတွင် သူသည် လမ်းပေါ်၌ လဲနေသော ကျီးကန်းတစ်ကော င်ကို မြင်တွေ့လေသည်။ ကျီးကန်းသည် ထပျံမသွားပေ။ သူသည် ကျီး ကန်းအား ကျောက်ခဲဖြင့် ပစ်ပေါက်ကြည့်သည်။ ကျီးကန်းသည် တုတ် တုတ်မျှ မလုပ်ပေ။ ထို့ကြောင့် သူသည် ကျီးကန်းနားသို့ သွားရောက်ကြ ည့်ရှုရာ  ကျီးကန်းမှာ အသေကလေးဖြစ်နေသည် ကို တွေ့မြင်ရလေသ ည်။

ထို့နောက် သူသည် ကျီးကန်းသေကလေးကို မယူကာ...

‘ဒီအသေကောင်ကလေးကို လာလို့ ရှင်အောင် မလုပ်နိုင်ရမလဲ’

ဟု ဆိုကာ ကျီးကန်းကလေးအားပါလာသည့် နတ်ဆေးမြစ်နှင့် ပွတ် တိုက် လိုက်လေသည်။ ထိုအခါ ကျီးကန်းကလေးသည် အသက်ပြန်ရှင် လာသည် ကို တွေ့မြင်ရလေသည်။

ကျီးကန်းကလေးက အီရေအား ကျေးဇူးတင်ကြောင်း ပြောဆိုကာ...

‘သင် အကူအညီလိုတဲ့ အခါ ကျွန်ုပ်ကို ခေါ်လိုက်ပါ၊ ကျွန်ုပ် လာပြီး ကူညီပါ့မယ်’

ဟု ဆိုပြီး အဝေးသို့ ပျံသန်းသွားလေသည် ။

အီရေသည် ဆက်လက်ထွက်ခွာလာခဲ့သည် ။ မကြာမီ သူသည်



အနီရောင် သမင်သေတစ်ကောင်ကို တွေ့မြင်ပြန်လေသည် ။ သူသည် နတ်ဆေးမြစ်ဖြင့် သမင်၏ အသက်ကို ကယ်ဆယ်လိုက်ပြန်သည် ။ သမင်ကြီးက သူ့အား..

‘သင် ကျွန်ုပ် ရဲ့ အကူအညီလိုတဲ့ အခါ ကျွန်ုပ်ကို ခေါ်သာခေါ်လိုက်ပါ၊ ကျွန်ုပ် လိုက် လာပြီး ကူညီပါ့မယ်’

ဟု ပြောဆိုကာ အဝေးသို့ ခုန်လွှားထွက်ခွာသွားလေသည် ။

ထိုသို့ဖြင့် အီရေသည် အိမ်သို့ ပြန်လည်ရောက်ရှိ လာလေသည် ။ ထို့နောက် သူအိမ်ရှေ့တံခါးတွင် သူသည် ဆရာဝန်ဖြစ်သည် ဟူသော ကြော်ငြာကို တပ်ဆင်ထား လိုက်လေသည် ။ သူသည် နေ့တိုင်း လူနာများအား ကုသပေးသည် ။ သူသည် မိုးရွာရွာနေပူပူ ရပ်နီးဖြစ်စေ၊ ရပ်ဝေးဖြစ်စေ တစ်စုံတစ်ယောက်သည် နာမကျန်းဟု ကြားလျှင် ချက်ချင်းပင်သွားရောက်ကာ ကုပေးသည် ။ နာမကျန်းသူများ ပြားလျှင်လည်း အားလုံးကို ကုသပေးသည် ။ ထိုသို့ဖြင့် ရက်မှ လ၊ လမှ နှစ် ကြာမြင့်လာသော် သူကုသပေးလိုက်၍ အသက်ချမ်းသာရာရသွားသည့် လူနာပေါင်းမှာ မရေတွက်နိုင်အောင်များ ပြားနေပြီဖြစ်သည် ။ သူ၏ ကြင်နာမေတ္တာစိတ်ကို လူတိုင်းက ချီးကျူးကြသည် ။ သူ့အမည်ကို မသိသူ မရှိပေ။ သူ့ဂုဏ်သတင်းသည် နေရာအနှံ့ပျံ့နှံ့နေလေသည် ။

တစ်နေ့တွင် အီရေသည် ရွာတစ်ရွာသို့ အရောက်တွင် အိမ်တစ်အိမ်မှ ငိုသံကို ကြားလိုက်ရသည် ။ ထို့ကြောင့် သူသည် အနီးမှ ဖြတ်သွားသူလူတစ်ဦးအား…

‘ဘာဖြစ်တာလဲဗျ’

ဟု မေးလိုက်သည် ။

ထိုသူက…

‘လူတစ်ယောက်သေလို့ ငိုတာပါ’

ဟု ပြန်ဖြေပြီး သူ့လမ်းကို ဆက်လျှောက်လှမ်းသွားသည် ။

ထို့နောက် အီရေသည် အဘိုးအိုတစ်ဦးအား…

‘အခု သေတာ ဘယ်သူ့သမီးလဲ’

ဟု မေးသည် ။ အဘိုးအိုက…

‘အခုသေတဲ့ မိန်းကလေးဟာ အရာရှိ မိသားစုကပါ။ အရာရှိကြီးရဲ့ သမီးပါ။ ဒီမိန်းကလေးဟာ မိန်းမကောင်းလေးပါ၊ ရိုးသားတည်ကြည်ပြီး ချစ်စရာ အလွန်ကောင်းပါတယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားရှာတယ်’

ဟု ပြောဆိုလေသည် ။

ထိုအခါ အီရေက အဘိုးအိုအား…

‘ကျွန်ုပ်ကို ဒီမိန်းကလေးဆီ ခေါ်သွားပေးပါ’

ဟု ဆိုသည် ။

‘ဒီမိန်းကလေးက သေပြီပဲ။ မင်းက ဘာဖြစ်လို့ သူနဲ့ တွေ့ချင်ရတာလဲ’

ဟု အဘိုးအိုက မေးသည် ။

အီရေက…

‘ကျွန်တော် ဒီမိန်းကလေးကို ပြန်ရှင်အောင် လုပ်ပေးနိုင်ပါတယ်’

ဟု ပြန်ပြောသည် ။

ထိုသို့ ဖြင့် အဘိုးအိုသည် သူ့ကို အရာရှိအိမ်သို့ ခေါ်ဆောင်လာခဲ့လေသည် ။

ထိုသို့ဖြင့် အဘိုးအိုနှင့် အီရေတို့ သည် အရာရှိကြီး၏ အိမ်သို့ ရောက်ရှိလာကြသည် ။ အရာရှိကြီး သမီး၏ အလောင်းကို အိမ်ခန်းထဲတွင် ပြင်ဆင်ထားသည် ။ အီရေက အရာရှိကြီးအား သေနေသည့် သူ့သမီးအား

ပြန်ရှင်အောင် ကုသပေးမည်ဟု ပြောသည် ။ အရာရှိကြီးက သူ့စကား ကို မယုံကြည်ပေ။ လုံးဝ မဖြစ်နိုင်ဟူ၍ မှတ်ထင်ထားလေသည် ။ ထို့ကြောင့် အရာရှိကြီးက သူ့အား...

'ငါ့သမီးကို ပြန်ရှင်အောင် လုပ်ပေးနိုင်မယ်ဆိုရင် ငါ့သမီးကို သင်နဲ့ လက်ထပ်ပေးမယ်'

ဟု ဆိုသည် ။

ထိုသို့ဖြင့် အီရေသည် အဘိုးအိုနှင့် အတူ သေနေသည့် မိန်းကလေး ၏ အခန်းထဲသို့ ဝင်သွားလေသည် ။ မိန်းကလေးသည် အိပ်ရာပေါ်တွင် စန့်စန့်ကြီး လဲလျောင်းလျက်ရှိသည် ။ သူ့မျက်ခုံးသည် လေးကိုင်းကဲ့သို့ လှပစွာ ကွေးညွတ်နေသည် ။ မျက်လုံးကား ပိတ်လျက်၊ အလွန်ချောမော လှပနေသော မိန်းကလေးတစ်ဦးပင်။

အီရေသည် သူ့နတ်ဆေးမြစ်ဖြင့် အမျိုးသမီး၏ ဖြူရော်နေသော နှု တ်ခမ်းကို ပွတ်လိုက်သည် ။ ထိုအခါ အမျိုးသမီး၏ နှုတ်ခမ်းသည် ချက် ချင်းပင် အနီရောင် သမ်းလာသည် ။ ထို့နောက် ဆေးမြစ်ဖြင့် နှာခေါင်း ကို ပွတ်လိုက်ပြန်သည် ။ အမျိုးသမီးသည် စတင် အသက်ရှူ လာလေသ ည် ။ နောက်ဆုံးတွင် အီရေသည် ဆေးမြစ်ဖြင့်ပင် အမျိုးသမီး၏ ပိတ်နေ သော မျက်လုံးအား ပွတ်လိုက်ပြန်လေသည် ။ ထိုအခါ အမျိုးသမီး၏ မျ က်လုံး၏ ပွင့် လာလေသည် ။ မျက်လုံးသည် ဝိုင်းစက်၍ ရွှန်းလက်တော က်ပလာသည် ။ အမျိုးသမီးသည် သူ့ဘေးနား၌ သူ့ကို ကြည့်နေသာ သူစိ မ်း ယောက်ျားကို မြင်တွေ့သော် ရှက်သွားကာ မျက်နှာကို လွှဲ လိုက်လေ သည် ။

အမျိုးသမီးကြီးတစ်ဦးက...

'မိန်းကလေး အသက်ပြန်ရှင် လာပြီ'

ဟု ဝမ်းသာအားရ အော်ပြောသည် ။ လူများ သည် အရာရှိကြီးအိမ် သို့ စုပြုံရောက်ရှိလာကာ အမျိုးသမီးအား အံ့သြတကြီး ဝိုင်းအုံကြည့်ရှုကြလေသည် ။ အမျိုးသမီးသည် သူ့ကိုယ်ကို စောင်ဖြင့် ခြုံထားသည် ။ သို့သော် စောင်ထဲမှ နေ၍ သူ့ဘေးတွင် ထိုင်နေသော အီရေကို ချောင်းကြည့်နေလေသည် ။

အရာရှိကြီးသည် သူ့သမီး အသက်ပြန်ရှင်လာသည် ကို မြင်သော် များ စွာ အံ့သြပြီး အလွန်ပင် ဝမ်းသာသွားသည် ။ သို့သော် သူပေးခဲ့သည့် ကတိစကားကို သတိရသွားပြီး နောင်တရသွားသည် ။ ဝမ်းနည်းပူပန်သွားသည် ။ သူသည် သူ့သမီးအား ဆင်းရဲသားတစ်ယောက်၏ လက်ထဲသို့ မပေးအပ်လိုပေ။ ဆင်းရဲသားနှင့် မပေးစားလိုပေ။ ထို့ကြောင့်အရာရှိကြီးသည် အီရေအား သူ့သမီးအစား ရွှေ၊ငွေ၊ ဥစ္စာ ပစ္စည်းများကို လိုချင်သလောက် ယူရန် ပြောကြားသည် ။ သို့သော် အီရေက မည်သည့် ပစ္စည်းမျှ လက်မခံချေ။ ထို့နောက် အရာရှိကြီးက အီရေအား သူ့သမီးအတွက် လက်ဖွဲ့ပစ္စည်းအဖြစ် အရွယ်တူ ဖီးနစ်ငှက်ဥသုံးဥကို ပေးမှ သာလျှင် သူ့သမီးကို လက်ထပ်ခွင့်ပြုမည်ဟု ဆိုသည် ။

ထိုသို့ဖြင့် အီရေသည် ဖီးနစ်ဥ ရှာဖွေရန် အရာရှိကြီး၏ အိမ်အတွင်းမှ ထွက်ခွာလာခဲ့ပါသည် ။ ထိုစဉ် သူသည် ကျီးကန်းက သူ့အကူအညီလိုလျှင် ခေါ်လိုက်ပါဟူသော စကားကို သတိရသွားသည် ။ ထို့ကြောင့် သူသည် ကောင်းကင်သို့ မော့ကာ ကျီးကန်းအား သုံးကြိမ် သုံးခါ ခေါ် လိုက်လေသည် ။ ထိုအခါ ကျီးကန်းသည် သူ့ထံသို့ ချက်ချင်းဆင်းသက်လာပြီး မည်သို့ အကူအညီပေးရမည်နည်းဟု ပြောဆိုသည် ။

Phoenix = အာရေဗျ တောကြီး မျက်မည်းထဲတွင် ရှိသည် ကို အယူရှိခဲ့ကြသော အလွန်လှပသည့် ငှ့်ဖြစ်သည် ။ ထိုငှက်သည် မီးရှို့ခံရ၍ တ

စ်ကိုယ်လုံး ပြာကျသော်လည်း ပြာမှ ပြန်၍ နဂိုအတိုင်းသာမက ပို၍ နုပျိုသန်စွမ်းလာသည် ဟု ဆိုသည် ။ အသက်လည်း ရှည်သည် ။ တစ်ကြိမ်လျှင် နှစ် ၅၀၀ နေနိုင်သည် ဟု ဆိုသည် ။ အီရေက ကျီးကန်းအား ဖီးနစ်ငှက်သုံးဥ လိုချင်ကြောင်း ပြောဆိုသည် ။ ကျီးကန်းလည်း ပျံထွက်သွားပြီး မကြာမီ ဖီးနစ်ဥသုံးလုံးနှင့်အတူ ပြန်လည်ရောက်ရှိလာသည် ။

အီရေသည် ငှက်ဥများအားအရာရှိကြီးကို ပေးလိုက်သည် ။ အရာရှိကြီးသည် ငှက်ဥများအား အရွယ်တူမတူ စစ်ဆေးကြည့်ရှုသည် ။ ငှက်သများ သည် အရွယ်အစားချင်းတူညီကြသည် ။ သို့သော် အရာရှိကြီးသည် သမီးကို မပေးစားချင်၍ အပြစ်ကို ရှာဖွေနေလေသည် ။

ထိုအခါ သမီးဖြစ်သူက ‘အဖေဟာ မတရားဘူး။ အဖေ ဖီးနစ်ငှက်ဥ လိုချင်တယ်ဆိုလို့ သူ ယူပေးခဲ့ပြီးပြီ။ အဖေ ဆင်စွယ်လိုချင်တယ်ဆိုရင်လည်း သူက ယူပေးဦးမှာ ပဲ။ အဖေဟာ အရာရှိကြီးပါ။ ဘာလို့ အဖေဟာ ကိုယ်ပြောတဲ့ စကားကို မတည်ရတာလဲ’ ဟု ပြောဆိုလေသည် ။ ထို့နောက် အီရေ၏ လက်ကိုဆွဲပြီး ‘ကဲ… ကျွန်မတို့ သွားကြစို့’ ဟု ဆိုကာ နောက်သို့ လုံး၀ လှည့်မကြည့်ဘဲ နှစ်ယောက်သား ထွက်ခွာလာခဲ့ကြလေသည် ။

သူတို့ နှစ်ဦးသည် တစ်ဦးကို တစ်ဦး အလွန်ချစ်ကြသည် ။ ချစ်သူနှစ်ဦးမှာ အလွန်ပျော်ရွှင်နေကြလေသည် ။

ထိုအချိန်တွင် တခြားရွာတစ်ရွာတွင် အိမ်ထောင်ရက်သားကျနေသော အရာရှိကြီး၏ သမီးကြီးသည် ဖခင်အိမ်သို့ လာလည်လေသည် ။ သူသည် သူ့ညီမလေးအား ဆေးဝါးလှည့်လည်ကုသနေသော ဆေးဆရာ

တစ်ဦးက အသက်ပြန်ရှင်အောင် လုပ်ပေးခဲ့ကာ  သူ့ညီမလေးနှင့် ဆေးဆရာတို့ လက်ထပ်သွားပြီဟူသော စကားကို ဖခင်ထံမှ ကြားရလေသည် ။ ထိုအမျိုးသမီးကြီးသည် အသက်ရှင်အောင် လုပ်နိုင်စွမ်းသော ဆေးဝါးအကြောင်းကို ကြားသိရသော် အလွန်အံ့ဩနေလေသည် ။ မည်သို့သော ဆေးဝါးပင် ဖြစ်သည် ကို အလွန်ပင် မြင်တွေ့ချင်နေသည် ။



ထိုသို့ဖြင့် အမျိုးသမီးကြီးသည် အီရေ၏ အိမ်သို့ သွားကာ သူ့ညီမအား…

'အို… ညီမလေး… ညီမဆီမှာ နတ်ဆေး ရှိတယ်လို့ မမ ကြားတယ်၊ မမကြည့်ပါရစေ'ဟု ပြောဆိုလေသည် ။

အီရေ၏ ဇနီးသည် သည် အီရေ၏ နတ်ဆေးပင်ကို မည်သူ့ကိုမှ ထုတ်မပြရဟူသော မှာ ကြားချက်ကို မေ့လျော့သွားလေသည် ။ နတ်ဆေးပ

င်ကို ယုတ်မာကောက်ကျစ်သူ တစ်ဦးဦး မြင်တွေ့သွားပါက မကောင်းကြံစည်နိုင်သည် ။ ထို့ကြောင့် အီရေက နတ်ဆေးပင်အား မည်သူ့ကိုမျှ ထုတ်မပြရန် တားမြစ်ထားခြင်းဖြစ်သည် ။

သို့သော် အီရေ၏ ဇနီးသည် က 'ငါ့အစ်မကို ဆေးပင်ထုတ်ပြလို့တော့ ဘာမှ ဖြစ်စရာ အကြောင်း မရှိပါဘူး' တွေးမိကာ နတ်ဆေးပင်ကို သူ့အစ်မအား ထုတ်ပြ လိုက်လေသည် ။ သူ့အစ်မသည် နတ်ဆေးပင်ကို ကိုင်ယူ၍ ကြည့်သည် ။ သူကဤဆေးပင်ဖြင့် စီးပွားရှာလျှင် မကြာမီသူဌေးကြီးဖြစ်မည်မှာ မုချ ဟု တွေးမိသည် ။ ထို့ကြောင့် ဆေးပင်ကို အပိုင်လိုချင်သည် ။ ပြန်မပေးလိုပေ။

ထိုအခါ အီရေ၏ ဇနီးက သူ့အစ်မအား...

'အစ်မ ဆေးပင်ကို ကြည့်တာ ဝလောက်ပါပြီ။ ဒီဆေးပင်ကို သိပ်ကြာကြာကြည့်လို့ မရဘူး။ ကြာကြာကြည့်ရင် ဆေးအာနိသင်တွေ ပျက်ပြယ်ကုန်လိမ့်မယ်။ ကျွန်မကို မြန်မြန်ပေးပါ။ ကျွန်မ ပြန်သိမ်းထားလိုက်တော့မယ်' ဟု ပြောဆိုကာ ဆေးပင်ကို ပြန်တောင်းလေသည် ။

သူ့အစ်မသည် ဆေးပင်ကို ဝှက်ထားကာ အံ့ဩဟန်ဖြင့် 'ညည်းက ဘာပြောတယ်။ ငါ့ဆီမှာ ဆေးပ်င ဘယ်မှာ ရှိလို့ တုန်း၊ ညည်းပဲ ပြန်ယယူသွားတယ် မဟုတ်လား' ဆိုသည် ။

'ကျွန်မ ဆေးပင်ကို အစ်မဆီက ပြန်မယူရပါဘူး'ဟု အီရေ၏ ဇနီးက စိုးရိမ်တကြီး ပြန်ပြောသည် ။

သူ့အစ်မက ' မဟုတ်ဘူး ။ ညည်းပဲ ပြန်ယူသွားတာပါ'ဟု ထပ်မံ ငြင်းဆိုသည် ။

ထိုသို့ဖြင့် ညီအစ်မနှစ်ယောက်သည် စတင် အချင်းများကြလေသည်

။ သူတို့ သည် တစ်နေ့လုံး တစ်ညလုံး အော်ကြီးဟစ်ကျယ် စကားများ ရန်ဖြစ်ကြလေသည် ။

ထိုသို့ ညီအစ်မနှစ်ယောက် စကားများ ၍ ရန်ဖြစ်လျက်ရှိစဉ် ဖိုးလမင်းကြီးသည် ကောင်းကင်မှ ဆင်းသက်လာကာ နတ်ဆေးပင်ကြီးကို ခိုးယူသွားလေတော့သည် ။ ထို့နောက် နတ်ဆေးပင်ကြီးကား လုံး၀ ပျောက်ဆုံးသွားလေတော့မည်။ လောဘကြီးသော အစ်မကြီးမှာ ဘာမျှမရရှိတော့ပေ။ သို့သော် အီရေအဖို့ ကာ လူနာများအား ဆေး၀ါးကုသရန် စွမ်းအားမရှိတော့ပြီဖြစ်သည် ။

မကြာမီ အီရေသည် အိမ်သို့ ပြန်လည်ရောက်ရှိလာသည် ။ သူ့ဇနီးက သူ့အား အကျိုးအကြောင်း အလုံးစုံကို ပြောပြသည် ။ ဆေးပင် မည်သည့် နေရာတွင် ရောက်ရှိနေသည် ကို မပြောဆိုနိုင်ကြပေ။ ထို့ကြောင့် အီရေသည် ရွာအနီးအနားတွင် နေထိုင်သော မှော်ဆရာကြီးဆီသို့ သွားကာ နတ်ဆေးပင် အကြောင်း မေးမြန်းသည် ။ မှော်ဆရာကြီးက နတ်ဆေးပင်ကို လမင်းကြီး ခိုးယူသွားကြောင်း သူ့ပညာစွမ်းဖြင့် ပြောကြားသည် ။ ထို့နောက် အီရေသည် အိမ်သို့ ပြန်လာကာ သူ့ဆေးပင်ကို ပြန်ယူရန် လမင်းကြီးထံသို့ သွားမည်ဖြစ်ကြောင်း ပြောကြားသည် ။ လမင်းကြီး၏ နေအိမ်သည် မြေပြင်မှ အလှမ်းအတော်ကွာဝေးသဖြင့် သူ့ဇနီးသည် က အီရေအားလမင်းကြီးထံသို့ မသွားရောက်စေလိုပေ။ ထို့ကြောင့် သူ့ဇနီးက အီရေအား ‘ခရီးက သိပ်ဝေးတာပဲ။ ရှင် ဘယ်လိုသွားမှာ လဲ’ ဟု မေးလေသည် ။

ထိုအခါ အီရေက ‘ဘယ်လိုပဲဖြစ်ဖြစ် ငါတို့ ရဲ့ ရတနာ ပစ္စည်းဖြစ်တဲ့ ဆေးပင်ကို ပြန်လည်ရယူမှ ဖြစ်မယ်’ ဟု ပြောဆိုသည် ။



အီရေ၏ ဇနီးက ခေတ္တစဉ်းစားကာ ‘ကျွန်မတို့ မွေးထားတဲ့ ခွေးက လေးကလည်း လိမ္မာသားပဲ။ သူ့ကို လမင်းကြီးဆီ လွှတ်လိုက်ရအောင်’ ဟု ဆိုသည် ။

အီရေလည်း သူ့ဇနီးသည် ၏ စကားကို သဘောတူကာ ခွေးက လေးအားခေါ်၍ လမင်းကြီးထံမှ ဆေးပင်ကို ပြန်ယူပေးရန် ပြောကြား သည် ။ ထို့နောက် လမင်းကြီး၏ အိမ်ပေါက်ဝအထိ လှေကားရှည်ကြီး ထောင်ပေးလိုက်ကာ ခွေးကလေးအား လှေကားပေါ်သို့ တင်ပေး လိုက် လေသည် ။ ခွေးကလေးလည်း လှေကားကို တစ်ထစ်ချင်း ပြေးတက် သွားသည် ။ ခုနစ်ရက်နှင့် ခုနစ်ညတိုင်တိုင် မနားတမ်းတက်သည် ။ နောက်ဆုံးတွင် ခွေးကလေးသည် လမင်းကြီးဆီသို့ ရောက်ရှိသွားသည် ။

လမင်းကြီးထံသို့ ရောက်သော် ခွေးကလေးက လမင်းကြီးအား…

'အသင် လမင်း။ ဘာကြောင့် သူတစ်ထူးရဲ့ ဆေးပင်ကို ခိုးယူရပါသလဲ' ဟု ပြောဆိုသည် ။

'ကျွန်ုပ် ဤဆေးပင်ကို ခိုးလာလို့ လား။ မဟုတ်တာ'ဟု လမင်းက ဆေးမြစ်ကို သူမယူကြောင်း လိမ်ညာပြောဆိုသည် ။ လမင်း၏ စကားကို ကြားသော် ခွေးသည် ဒေါသဖြစ်သွားပြီး လ ကိုယ်ပေါ်သို ခုတ်တက်ကာ လ၏ ခြေထောက်ကို ကုတ်ခြစ် လိုက်လေသည် ။

ထိုအခါ လမင်းကြီးလည်း နာကျင်လှသဖြင့် 'အား' ဟု အော်ကာ အိမ်ထောင့်တစ်နေရာတွင် သွားရောက် ပုန်းအောင်းနေလေသည် ။

'အသင် ပုန်းမနေပါနဲ့ ထွက်လာခဲ့ပါ' ဟု ခွေးက အော်ပြောသည် ။ လမင်းက 'ကျွန်ုပ် ဘာလို့ ပြန်လာရမှာ လဲ' ဟု ဆိုကာ လမင်းကြီးသည် အိမ်ထောင့်တစ်နေရာတွင် ပုန်းမြဲပုန်းလျက်ရှိသည် ။ ထို့ကြောင့် ခွေးသည် လကိုယ်ပေါ်သို့ ခုန်အုပ်ကာ ကိုယ်ခန္ဓာအား ကိုက်ခဲပြန်လေသည် ။

ထိုအခါ လမင်းကြီး နာကျင်လှသဖြင့် အော်မြည်ကာ တခြားထောင့်ကွယ်တစ်နေရာတွင် သွားရောက် ပုန်းအောင်းနေပြန်လေသည် ။

ထိုသို့ဖြင့် ခွေးက ကိုက်လိုက်၊ လမင်းက ပုန်းလိုက်ဖြင့် မကြာမီ ခွေးသည် မောပန်းနွမ်းနယ် လာလေသည် ။ လမင်းကြီးကား ဆေးပင်၏ အစွမ်းအာနိသင်ကို သိရှိထားသဖြင့် ခွေးကိုက်ဒဏ်ရာများကို ဆေးပင်ဖြင့် ပွတ်လိုက်ရာ ဒဏ်ရာမှာ လုံး၀ ပျောက်ကင်းသွားလေသည် ။ ခွေးလည်း စိတ်ပျက်သွားသည် ။ အားလျော့သွားသည် ။ ထို့ကြောင့် အကြံညဏ်များ တောင်းရန် ပြန်ဆင်းမည်ဟု ဟန်ပြင်လိုက်စဉ် လှေကားများ ပျောက်ကွယ်နေပြီဖြစ်သည် ကို တွေ့ရှိရလေသည် ။ ထိုသို့ဖြင့် ခွေးသည် မြေပြင်ပေါ်သို့ ပြန်မဆင်းနိုင်တော့ပေ။ သူသည် ကောင်းကင်၌ ရှိနေသော လမင်းအား ဒေါသတကြီးဖြင့် အခွင့်သာလျှင် သာသလို

လိုက်လံ ကိုက်ခဲနေလေသည် ။ လမင်းကြီးကလည်း ခွေးကိုက်လိုက်လျှ င် ပုန်းရှောင်နေသည် ။ ထိုအခါ ကောင်းကင်တစ်ခုလုံး မှောင်သွားတော့ သည် ။  ခွေး မောပန်းသွားသောအခါ လမင်းကြီးသည် ခွေးကိုက်ဒဏ် ရာများကို နတ်ဆေးပင်နှင့် ပွတ်လိုက်သည် ။ ဒဏ်ရာများ ပျောက်ကင်း သွားကာ ကောင်းကင်တစ်ခွင်တစ်ပြင်တွင် ပြန်၍ လင်း လာလေသည် ။ ထိုသို့ လမင်း ပေါ်လာလိုက်၊ ပျောက်သွားလိုက် ဖြစ်ခြင်းကို ကျွန်ုပ်တို့ သည် လကြတ်သည် ဟု ခေါ်ဝေါ်နေကြသည် ။

(၁၉၆၇) ပြည့်နှစ် တရုတ်နိုင်ငံ ပီကင်းမြို့မှ

ထုတ်ဝေသည့် Songs and stories of the

Minority people in Yunnan- စာအုပ်မှ

How the Eclipse of the moon come about

***

# ကျောပေါ်မှ ခွေး

တစ်ခါက ရွာတစ်ရွာတွင် လယ်ရှင် သူဌေးကြီးတစ်ဦး ရှိလေသည် ။ တစ်နေ့တွင် သူသည် လယ်ကွင်းများကို စစ်ဆေးကြည့်ရှုပြီး မောပန်းစွာဖြင့် အိမ်သို့ ပြန်လာသည် ။ အိမ်ရောက်ရောက်ချင်း ကုလားထိုင်တွင် ခြေပစ်လက်ပစ်ထိုင်၍ အိမ်စေကလေးကို ယပ်တောင်ခတ်ခိုင်းလေသည် ။

ထိုအချိန်တွင် သူဌေးကြီး၏ သားကလေးသည် အိမ်ပေါ်တွင် တဒုန်းဒုန်း တဒိုင်းဒိုင်းဖြင့် ပြေးလွှားဆော့ကစားနေ၍ သူဌေးကြီးသည် အသံကို နားမခံနိုင်အောင် ရှိနေလေသည် ။

ထို့ကြောင့် သူက ‘မြန်မြန်ခတ်စမ်းကွာ ၊ မြန်မြန်’ ဟု အိမ်စေ ကလေးကို မကြာခဏ ပြောဆိုနေလေသည် ။ ယပ်တောင်ခတ်သံဖြင့် ကလေးခြေသံကို ဖုံးလွှမ်းစေရန် ဖြစ်သည် ။

အိမ်စေကလေးသည် ယပ်တောင်ခတ်ရလွန်းသဖြင့် လက်ညောင်းကာ မောပန်းနေလေသည် ။ ထိုသို့ဖြင့် နာရီဝက်ခန့်အကြာတွင် သူဌေးကြီးက...

‘အံ့ဩစရာပဲ။ ငါ့ ကျောပေါ်က ချွေးတွေ ဘယ်ရောက်ကုန်ပြီလဲမသိဘူး။ မရှိတော့ဘူး’ ဟု ဆိုလေသည် ။

ထိုအခါ အိမ်စေကလေးက...

‘ဆရာကြီးရဲ့ ချေးတွေ ဘယ်မှ မရောက်ကုန်ပါဘူး၊ ကျွန်တော့် ကျော ပေါ်မှာ ပါ’ဟု ပြောဆို လိုက်လေသည် ။

Vietnamese Folk Tales,

Satire and Humour မှ Amere gift…

***

# အကြွားပိုသော လယ်သမား

တစ်ခါက ရွာတစ်ရွာတွင် ကြွားဝါတတ်သော လယ်သမားကြီးတစ်ဦး ရှိလေသည် ။ သို့သော် သူသည် စာလုံးဝ မတတ်ပေ။ သူ့တွင် လယ်မြေဧကေ များ စွာ ရှိသည် ။ တစ်နေ့တွင် လယ်သမားကြီးသည် သူ့မိတ်ဆွေများအား အိမ်တွင် ထမင်းဖိတ်ကျွေးသည် ။ ထမင်းစားသောက်ပြီး စကားစမြည်ပြောဆိုနေစဉ် သူရင်းငှားတစ်ယောက်သည် စကားဝိုင်းသို့ ရောက်ရှိ လာပြီး...

'ဆရာကြီး... အရှေ့ရွာက လူတစ်ယောက် စာတစ်စောင်နဲ့ ရောက်နေတယ်။ သူ့ စာ ဒီမှာ ပါ' ဟု ပြောပြီး စာကို လယ်သမားကြီး အားပေးသည် ။ လယ်သမားကြီးသည် လူပုံအလယ်တွင် သူ စာမတတ်သည် ကို လူများအား မသိလိုပေ။ ထို့ကြောင့် လယ်သမားကြီးသည် စာတတ်သူယောင်ဆောင်၍ စာကို ဖွင့်ဖတ်ဟန်ပြုကာ...

'အေး အေး စာလာပို့တဲ့ သူကို လွှတ်လိုက်' ဟု ပြောဆို လိုက်လေသည် ။

ထိုသို့ဖြင့် သူရင်းငှားသည် စာပို့သူကို လယ်သမားကြီးထံသို့ ခေါ်ဆောင် လာလေသည် ။

လယ်သမားကြီးသည် စာပို့သူအား... 'ငါ စာဖတ်ပြီးပြီ။ မင်း ဆရာကို ပြောလိုက်၊ နောက်မှ လာလည်မယ်လို့ ဟုတ်လား' ဟု ပြောဆိုလေ

သည်။

ထိုအခါ စာလာပို့သူသည် ခေတ္တခဏမျှ တွေဝေသွားပြီး..

'ဆရာကြီး စာဖတ်ပြီးပြီ ဆိုရင်တော့ ကျွန်တော့် ဆရာက စာထဲက အတိုင်း နွားတစ်ကောင်ကို ခဏငှားလိုက်ပါလို့ ပြောလိုက်ပါတယ်' ဟု ဆို လိုက်လေသည်။ ထိုအခါ လယ်သမားကြီးလည်း သူ့စကား သူပိတ်မိ သွားကာ သူ့နွားကို စာလာပို့သူ၏ ဆရာကား ငှားလိုက်ရတော့သည်။

**Vietnamese Folk Tales**
**Satire and Hamour စာအုပ်မှ**
**The message…**

***